# <u>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၉)</u>

## ဆိုရှယ် ဒီမိုကရက်တစ်ဝါဒရှုဒေါင့် မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ချဉ်းကပ်ခြင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းဟာ နိုင်ငံရေးအတွေးအခေါ်အယူအဆတရပ်ရပ်ကို တနည်းနည်းနဲ့ထင်ဟပ်လေ့ ရှိကြောင်း မိတ်ဆက်ဖေါ်ပြခဲ့ပြီးပါပြီ။ ဒီ တပတ်မှာ ဆက်လက်တင်ပြမှာကတော့ ဆိုရှယ်ဒီမိုကရက်တစ်ဝါဒရှုဒေါင့်ကနေ ဖြစ်ပါတယ်။ ဆိုရှယ်ဒီမိုကရက်တစ်ဝါဒဟာ လစ်ဘရယ်ဝါဒနဲ့ ဆိုရှယ်လစ်ဝါဒမှာရှိတဲ့ အားနည်းချက်ကိုတွေကို ရှောင်ရှားပြီး ၎င်းတို့တခုခြင်းစီမှာရှိတဲ့ အားကောင်းချက်တွေကို ရယူစုပေါင်းထားတယ်လို့ပြောနိုင်ပါတယ်။

ဆိုလိုခြင်တာကတော့ ဆိုရှယ်ဒီမိုကရက်ဝါဒဟာ တဦးချင်းအပေါ် အလေးထားပေမယ့် လစ်ဘရယ်ဝါဒမှာရှိတဲ့ တဦးချင်းအပေါ်အဓိကထားလွန်းမှုကို မကျင့်သုံးဘူး။ ဒါပေမယ့် ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်တယ်။ ရှင်သန်ရပ် တည်ခွင့်ပေးတယ်။ မြှင့်တင်ခွင့်ပေးတယ်။ ပြီးတော့ လူ့အဖွဲ့အစည်းပြောင်း လဲဘို့ကြိုးစားဆောင်ရွက်တာကို လက်ခံပေမယ့် ဆိုရှယ်လစ်ဝါဒမှာလို အကြမ်းဘက်ပြောင်းလဲတာတို့၊ တိုင်းပြည်ရဲ့ကုန်ထုတ်အရင်းအနှီးတွေကို နိုင်ငံပိုင်အဖြစ်ထားပြီး လည်ပတ်တာတို့စတာတွေကို လက်မခံဘူး။

ဆိုရှယ်လစ်ဝါဒက ထင်ထင်ရှားရှား မီးမောင်းထိုးပြတဲ့ တန်းတူညီမျှရေး အယူအဆကို ဆိုရှယ်ဒီမိုကရက်ဝါဒကခံယူတယ်။ စီးပွားရေးကိစ္စတွေမှာ တတ်နိုင်သမျှထိန်းညှိဘို့ကြိုးစားတယ်။ တိုင်းပြည်တွင်းမှာ ဆင်းရဲ၊ ချမ်းသာ ကွာခြားမှု နည်းနိုင်သမျှ နည်းအောင်ဆောင်ရွက်တယ်။ ရောယှက်စီးပွားရေးစနစ်ကိုအားပေးတယ်။ အဲဒါကတော့ တဖက်မှာ ပြည်သူတွေရဲ့စီးပွားလုပ်ပိုင်ခွင့်ကို လွတ်လပ်စွာခွင့်ပြုထားပြီး အခြားတဘက်မှာလဲ သယ်ယူပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း၊ အစရှိသဖြင့် အဓိကကျတဲ့ လုပ်ငန်းအချို့ကို အစိုးရက ဆက်လက်ကိုင်တွယ်လုပ် ကိုင်တယ်။ ဆိုရှယ်ဒီမိုကရက်တစ်ဝါဒအောက်မှာ မတူတဲ့လူမျိုးတွေရဲ့ ယဉ်ကျေးမှု၊ ပညာရေးများ လုပ်ဆောင်ခွင့် အပါအဝင် သူတို့ရဲ့ ရပ်တည်ရှင်သန်ဖွံ့ဖြိုးမှုကို အစိုးရကနေ ကာကွယ်စောင့်ရှောက်ရေးကို ကျင့်သုံးတယ်။

လစ်ဘရယ်ဝါဒကို အဓိကကိုင်စွဲတဲ့ တိုင်းပြည်တွေမှာ အစိုးရရဲ့အခန်းကဏ္ဍကို တတ်နိုင်သမျှလျှော့ချဘို့ကြိုးစားတယ်။ အစိုးရက လူထုကို နိုင်ငံရေးလွတ်လပ်ခွင့်တွေ၊ စီးပွားရေးလုပ်ပိုင်ခွင့်တွေ၊ လုံခြုံမှု အကာအကွယ်တွေ ပိုပြီးပေးဘို့ကြိုးစားတဲ့ တဲ့နည်းတွေနဲ့တိုင်းပြည်ကို တည်ဆောက်တယ်။ တဖက်က ဒီလို အခွင့်အရေးတွေပိုပြီးရတဲ့အတွက် လူထုဟာ သူတို့ရဲ ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကို သူတို့ကိုယ်တိုင်က အဓိကတာဝန်ယူကြရတယ်။ ဒီလို အခြေခံတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို ချဉ်းကပ်ကြတယ်။ လိုအပ်တဲ့ ပြဌာန်းချက် တွေထည့်သွင်း ကြရတယ်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျာမနီ၊ ပြင်သစ်၊ ဂျပန် စတဲ့ တိုင်းပြည်တွေဖြစ်ကြတယ်။

ဆိုရှယ်ဒီမိုကရက်ဝါဒကို အဓိကကိုင်စွဲတဲ့ တိုင်းပြည်တွေမှာ အစိုးရရဲ့ အခန်းကဏ္ဍကို လစ်ဘရယ်ဝါဒထက်ပိုပြီး လက်ခံတယ်။ အစိုးရက လူထုရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကို အဓိက တာဝန်ယူရတယ်။ လူထုထံကနေ အခွန်ငွေတွေ တိုးတက်ကောက်ခံပြီးတော့ ရလာတဲ့ဘဏ္ဍာငွေတွေနဲ့ လူထုအတွက် ဆေးရုံ၊ ကျောင်း၊ လူအိုရုံ၊ အခမဲ့ ဆေးဝါးကုသခွင့် စတာတွေကို ထိရောက်စွာ တာဝန်ယူတဲ့စနစ်နဲ့ဖေါ်ဆောင်တယ်။

နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ် စတာတွေဟာ ဆိုရှယ်ဒီမိုကရက်ဝါဒကို အဓိကကိုင်စွဲပြီး တည်ဆောက်သွားကြတဲ့ တိုင်းပြည်တွေအဖြစ် ကမ္ဘာမှာထင်ရှားတယ်။ အဲဒီ တိုင်းပြည်တွေအနက် ဆွီဒင် နိုင်ငံအကြောင်းကို တင်ပြလိုပါတယ်။ ဆိုရှယ်ဒီမိုကရက်တစ်ဝါဒနောက်ခံကနေ လူထုရဲ ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံတွေကို တိုင်းပြည်က တာဝန်ယူရမယ့် ပြဌာန်းချက်မျိုးကို ဆွီဒင် နိုင်ငံရဲ့ဖွဲ့ စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းထားတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပြဌာန်းချက်ကို ကိုးကားပြီး လူထုရဲ့ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေး တွေကို ထိရောက်စွာတာဝန်ယူ ဖေါ်ဆောင်နိုင်ဘို့ အခြားဥပဒေများမှာလည်း အသေးစိပ်ဆက်လက် ပြဌာန်းထားတယ်။ လက်တွေ့လည်း တသဝေ မတိမ်း လိုက်နာဆောင်ရွက်ကြောင်း တွေ့ရတယ်။

နိုင်ငံရေးအတွေးအခေါ်အယူအဆ နောက်ခံကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများနဲ့ အညီ ဒီလိုဖေါ် ဆောင်လာတဲ့ အခါမှာ ဆွီဒင်နိုင်ငံဟာ နှစ်ပေါင်းတရာအတွင်း ဥရောပမှာ အဆင်းရဲဆုံးနိုင်ငံတခုအဖြစ်ကနေကမ္ဘာမှာ အချမ်းသာဆုံးနိုင်ငံတွေထဲကတခုအဖြစ်ကို ပြောင်းလဲသွားခဲ့တယ်။ ဆွီဒင်ဟာ အမျိုးသမီးတွေအပေါ် လူမှုရေးစောင့်ရှောက်မှုနဲ့ လူထုတရပ်လုံးအပေါ်ကျန်းမာရေးစောင့်ရှောက်မှုမှာ ကမ္ဘာမှာထိပ်တန်း၊ ကလေးသေနှုန်း နည်းလွန်း၊ လူ့သက်တမ်းမြင့်မား လွန်းကြောင်း လေ့လာရတယ်။ အသက်တရာပြည့် မွေးနေ့ကျင်းပ

တာတွေဟာ ဆိုဗီယက်မှာ မဆန်းတော့ဘူး။ ကလေးတိုင်း အသက်တဆယ့်ခြောက်နှစ်အထိ စားဝတ်နေရေးလုံလောက်စေမယ့် ငွေကြေးကို တိုင်းပြည်က ထောက်ပံ့တယ်။ အသက် တဆယ့်ခြောက်နှစ်ကျော်သွားရင်လည်း သူ ပညာဆက်သင်ခြင်းသမျှကာလပတ်လုံး အစိုးရဆီကနေ ငွေချေးခွင့် ရှိတယ်။ ချေးလို့ရတဲ့ ငွေဟာလည်း ပညာဆက်သင်ခွင့်ရအောင် လုံလောက်တယ်။ ပညာသင်ပြီးလို့ အလုပ်ရတဲ့အခါကျမှ ချေးငွေကို ပြန်ဆပ်ရတယ်။ ပြန်ဆပ်တဲ့ အခါမှာလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရအောင် လစာဝင်ငွေထဲကနေ နည်းနည်းချင်းစီသာ ဖြတ်ယူတာမျိုးဖြစ်တယ်။ အသက်ခြောက်ဆယ့်ငါးနှစ် အရွယ်ရောက်ပြီးတဲ့ လူအိုတိုင်း ပင်စင်ထောက်ပံ့ကြေးရတယ်။ ရတဲ့ပင်စင်ငွေဟာလည်း သူ့ရဲ့အခြေခံစားဝတ်နေရေး လုံလောက်တယ်။

ခလေးတွေ၊ မိန်းမတွေ၊ လူနာတွေနဲ့ လူအိုတွေဟာ ဆိုဗီယက်နိုင်ငံမှာ ခံစားခွင့် အများဆုံးရှိကြတယ်၊ လူမှုရေးအရ စောင့်ရှောက်ခံခွင့် အများဆုံးရကြတယ်လို့ ပြောနိုင်တယ်။ ဒါဟာဘာကြောင့် ဖြစ်တာလဲ။ ရှောင်တခင်ဖြစ်လာ တာမဟုတ်ဘူး။ တိုင်းပြည်အုပ်ချုပ်ခွင့်ရတဲ့ အစိုးရတွေက စိတ်ကူးပေါက်ရာ ဇရမ်းဇတာ၊ စိတ်ထင်တိုင်းရှောက်လုပ်ပြီး ကံကောင်းလို့ဖြစ်လာတာမဟုတ်ဘူး။ ဆိုရှယ်ဒီမိုကရက်ဝါဒဆိုတဲ့ နိုင်ငံရေးအတွေးအခေါ် အယူအဆ အခြေခံကနေ ဥပဒေစနစ်တရပ်ကို တည်ဆောက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အခြားဥပဒေများ ပြဋ္ဌာန်းပြီးစနစ်တကျ အကောင်အထည်ဖော်ခဲ့ကြတာကြောင့် ဖြစ်ပါတယ်။

ကိုင်း ဒါဖြင့်ရင် ကျွန်တော်တို့မြန်မာနိုင်ငံကို ဘယ်လိုနိုင်ငံရေးစနစ် အခြေခံနဲ့ တည်ဆောက်မလဲ။ တည်ဆောက်မယ့် နိုင်ငံရေး စနစ်အခြေခံကို ဖွဲ့စည်းပုံအခြေခံဥပဒေက ဘယ်လို ထင်ဟပ်မလဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူတွေ မရေးဆွဲခင်မှာ ဒီကိစ္စတွေကို အကြေအလည်ဆွေးနွေးကြရမှာပါ။

ကျင်းပပြီးဆုံးသွားပြီဖြစ်တဲ့ နအဖရဲ့ အမျိုးသားညီလာခံမှာ နအဖ စိတ်ကြိုက်ရွေးချယ်စေလွှတ်ထားတဲ့ ကိုယ်စား လှယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ ဆွေးနွေးသွားကြပုံတွေကို လက်လှမ်းမီသမျှ အသေးစိပ်လေ့လာကြည့်ပါတယ်။ ဘယ်နိုင်ငံရေး အတွေးအခေါ် အယူအဆကို ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေထဲမှာ ဘယ်လို ထင်ဟပ်သင့်တယ် ဆိုတာဂဃနဏ တိတိကျကျ ဘယ်သူမှ ဆွေးနွေးသွားတာမကြားမိပါ။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက လူထုတွေဟာ နိုင်ငံရေးအတွေးအခေါ်အရ နိမ့်ကျကျန်ခဲ့တာမျိုးမဟုတ်၊ ထက်မြက်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေလဲ အမြောက်အများ ရှိပါလျှက် ဘာကြောင့် ဒီလိုဖြစ်တာလဲ။

(၁) နအဖရဲ့ အမျိုးသားညီလာခံမှာ လွတ်လပ်တဲ့ နိုင်ငံရေးပါတီကြီးတွေ တခုမျှတက်ခွင့်မရကြပါ။

(၂) တက်ခွင့်ရကြပြီး အတွေ့အကြုံရှိတဲ့ နိုင်ငံရေးခေါင်းဆောင်၊ တိုင်းရင်းသားခေါင်ဆောင် တချို့ဟာလည်း နအဖ ထိမ်းချုပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေရဲ့ အောက်မှာ တုတ်တုတ်မျှ မလှုပ်နိုင်အောင် ဖြစ်ခဲ့ကြရတယ်။

(၃) ဖွဲ့စည်းပုံမူချမှတ်တဲ့ နှစ်ပေါင်းများစွာအတွင်းမှာ သတင်းမီဒီယာတွေဟာလည်း ချုပ်ကိုင်ခံထားရ၊ ဖွဲ့စည်းပုံမူရေးဆွဲတဲ့ ဖြစ်စဉ်တရပ်လုံးကို ၅၊ ၉၆ ဥပဒေကို သုံးပြီးလူထုနဲ့စည်းခြားခံထားရ၊ တပ်မတော်ရဲ့အခန်းကဏ္ဍကိုသာ နေရာမျိုးစုံမှာ ဇွတ်ထည့်သွင်းဘို့လွှမ်းမိုးခံခဲ့ရ စတာတွေကြောင့် ဖြစ်ပါတယ်။

အမျိုးသမီးတွေ၊ ခလေးတွေ၊ လူနာတွေ၊ လူအိုတွေကို လူမှုရေးအရ ကူညီစောင့်ရှောက်နိုင်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုထည့်သွင်းပြဋ္ဌာန်းသင့်တယ် ဆိုတာတွေကို နိုင်ငံရေး အတွေးအခေါ်အယူအဆ အခြေခံနဲ့ဆွေးနွေးခြင်း၊ မူချမှတ်ခြင်း ဘာတခုမျှ မရှိခဲ့ပါဘူး။ ဒီတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စတွေမှာ လူထုအတွက် ဘာတခုမှ ရေရေရာရာမရှိတဲ့ မူတွေသာ ပေါ်ထွက်လာတာကို တွေ့ရပါတယ်။ နအဖရဲ့ အောက်ပါမူတွေကို လေ့လာကြည့်ပါ။

**မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်။**

ဥပဒေအရ သတ်မှတ်တယ်ဆိုတာဘာလဲ။ ဘာအခြေခံနဲ့သတ်မှတ်မှာလဲ။ နောင် ပေါ်ပေါက်လာမယ့် ဥပဒေပြုအဖွဲ့ဟာ မိခင်တွေ၊ ကလေးသူငယ်တွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေရဲ့ ဘယ်လို အခွင့်အရေးတွေကို မထိပါးစေရ၊ သို့မဟုတ် ဘယ်လိုဖေါ်ဆောင်ပေးရမယ်ဆိုတာမျိုး ဘာတခုမှ မပါတာကြောင့် ဥပဒေထဲမှာ သတ်မှတ်ခြင်သလို သတ်မှတ်တော့မယ်ဆိုတာ ဇေဒင် မေးစရာ မလိုတော့အချက် ဖြစ်လာပါတယ်။

**နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့် အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်။ ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်။**

**နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် အညီ ကျမ်းမာရေးစောင့်ရှောက်မှုခံယူခွင့် ရှိသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသားတွေရဲ့အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို နောင်ပေါ်ပေါက်လာမယ့် အစိုးရတွေက ဝင်ရောက်နှောက်ယှက်ခြင်းမရှိအောင် ကာကွယ်ပြဌာန်းရတဲ့ သဘော (Negative Rights) နဲ့ နိုင်ငံသားတွေအတွက် အစိုးရတွေက အပြုသဘော ဖေါ်ဆောင်ပေးရမယ့် သဘော (Positive Rights) တွေကို ပေါင်းစပ်ပြဌာန်းရတာဖြစ်ပါတယ်။ နိုင်ငံတော်ဆိုတဲ့ ခေါင်းစဉ်နဲ့အမည်နာမကို သုံးပြီး အစိုးရက ချမှတ်မယ့်ပညာရေးဖြစ်စေ၊ ကျမ်းမာရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ သက်ဆိုင်ရာ မူဝါဒတွေနဲ့ အညီ လူထုက ခံစားခွင့်ရှိတယ်ဆိုတာမျိုးကို လူထုရဲ့အခွင့်အရေးတွေကို အလေးထားတဲ့ တကမ္ဘာလုံးရှိ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာမှ ပြဌာန်းထားခြင်း မရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အစိုးရတွေရဲ့မူဝါဒတွေအကြောင်း ရေးစရာ ဘာမှမရှိပါ။ နိုင်ငံသားတွေရဲ့အခြေခံအခွင့်အရေးတွေနဲ့ အုပ်ချုပ်မှု ယန္တယား တည်ဆောက်လည်ပတ်ပုံအကြောင်းတွေကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒါဟာ ပိတ်ဆို့တားဆီးထားမှု အမျိုးမျိုးကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သဘောသဘာဝကို လေ့လာခွင့်မရတဲ့ လူထုကြီးတရပ်လုံးကို အခွင့်အရေးတွေ ရမယောင်ယောင်နဲ့ ပိပိရိရိ လိမ်လည်ထားခြင်းပါဘဲ။

မြန်မာနိုင်ငံမှာ အခြေခံလူထုတွေရဲ့ ပညာရေး၊ ကျမ္မာရေး၊ လူမှုရေး ပြသနာတွေဟာ ထိပ်ဆုံးကို ရောက်နေပြီး ကြောက်ခမန်းလိလိ ယိုယွင်းကျဆင်းနေတယ်ဆိုတာ အားလုံးအသိပါ။ ထမင်းစားစရာမရှိလို့ ကိုယ့်ဆံပင်ကိုယ် ဖြတ်ရောင်းလိုက်ရပြီး လူသိမှာ ရှက်တဲ့အတွက် ဘတ်စ်ကားပေါ်မှာ ခရီးသွားရင်း ဆံပင်အဖြတ်ခံလိုက်ရပါတယ်လို့ သတင်းလွှင့်လိုက်ရတယ်ဆိုတဲ့ မိန်းခလေးတယောက်ရဲ့ အကြောင်းကို ကြားလိုက်ရတဲ့အခါ ရင်ထုမနာဖြစ်မိရပါတယ်။ မိဘလုပ်သူတွေ ဆင်းရဲလွန်းလို့ ကိုယ့်ကိုယ်ကိုရောင်းစားပြီး လုပ်ကျွေးဘို့ကြိုးစားတဲ့ မိန်းခလေးတွေ၊ တရုတ်မယားအဖြစ်ခံယူသွားရတဲ့ မိန်းခလေးတွေ၊ ထိုင်းနိုင်ငံဘက်ရောက်လာ အိမ်ဖေါ်အဖြစ်လုပ်ကိုင်ရင်း မီးရှို့သတ်ဖြတ်၊ မတော်မတရားကျင့်ခံရတဲ့ မိန်းခလေးတွေ အကြောင်းကလဲ မကြားခြင်အဆုံးပါဘဲ။

နအဖ ရဲ့ဖွဲ့စည်းပုံမူတွေမှာတော့ အမျိုးသမီးတွေ၊ ကလေးတွေ၊ လူနာတွေ၊ လူအိုတွေကို လူမှုရေး၊ ပညာရေး ကျမ်းမာရေးအရ စောင့်ရှောက်ဖေါ်ဆောင်ပေးမယ့် ဘာပြဌာန်းချက်မှမပါရှိ။ သူတို့ရဲ့ ပခုံးတွေ၊ ဦးခေါင်းတွေအပေါ်မှာ တက်နင်းပြီး စစ်ဗိုလ်တွေနဲ့ သူတို့လက်ပါးစေတွေ အောင်ပန်းပန်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသာ ပေါ်ပေါက်လာမယ့် အကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။